**သဲပုရစ်၊ မြေပုရစ်**

Scientific name - *Portulaca oleracea* Linnaeus

Common name - Purslane

Family - Portulacaceae








အပင်ပုံသဏ္ဍာန်

တစ်နှစ်ခံပင်ဖြစ်၍ အပူပိုင်းဒေသတွင် နှစ်ရှည်ပင်အဖြစ်လည်းတွေ့နိုင်ပြီး မြေ၌ကပ်ပေါက်သည်။ တစ်ခါတစ်ရံဖျာကဲ့သို့ဘေးတိုက်ပြန့်ကားသည်။ အမြစ်သည် မြေအောက်သို့ နက်ရှိုင်းစွာဆင်းသည်။ ပင်စည်တုတ်ခိုင်၍ ပျော့ပြီးလုံးဝန်းပြောင်ချောသည်။ ခရမ်းရောင်သန်းသော အနီရောင်မှ အစိမ်းရောင်ရှိပြီး အရွက်ထူ၍ အရည်ရွှမ်းသည်။ ရွက်လွှဲထွက်သည်။ ရွက်ကြားတွင် အဝါရောင်ပန်းပွင့်တစ်ပွင့်တည်းတွေ့ရသည်။ အသီးမှာ သေးငယ်သောအက်ကွဲသီးဖြစ်သည်။ မရင့်မှည့်သေးလျှင် အနီရောင် သို့မဟုတ် အညိုရောင်အစေ့ရှိပြီး ရင့်မှည့်သည့်အခါအနက်ရောင်အစေ့များစွာပါရှိသည်။ အစေ့ဖြင့်မျိုးပွားခြင်းကို ပိုမိုတွေ့ရှိရသည်။ စိုစွတ်သည့်အခြေအနေတွင် ပင်ပိုင်းအားဖြင့်မျိုးပွားသည်။